# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျောက်ကြီးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ဂက်လာတောကျေးရွာအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ

## မတ်လ၊ ၂၀၁၇ ခုနှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | မြို့နယ်မြေပုံ |
| ၂။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း |
| ၃။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း(PSA /PRA)အကျဉ်းချုပ်ဇယား |
| ၄။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ |
| ၅။ | ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ |
| ၆။ | ကော်မတီဝင်များစာရင်း |
| ၇။ | ကျေးရွာအချက်အလက် (ပုံစံ - ၁) |
| ၈။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂) |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃) |
| ၁၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄) |
| ၁၁။ | အစည်းအဝေးမှတ်တမ်းများ |
| ၁၂။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ |

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# မြို့နယ်မြေပုံ



ဂက်လာတောကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း -

(၁) ဂက်လာတောကရင်

(၂) ဝက်လာတောဗမာ

(၃) ဒါးကုလား

စုစုပေါင်းကျေးရွာအရေအတွက်မှာ (၃) ရွာဖြစ်ပါသည်။


လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/PSA ) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအအမြစ်ပြမြေပုံ | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၂ | ၄၂ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများလမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီး၊အသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၂ | ၄၂ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၂ | ၄၂ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၀ | ၄၀ | အရင်းအမြစ်များစာရင်းပြုစု ခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံး ပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ် ဆက်မှု လေ့လာခြင်း | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၁ | ၄၁ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့ အစည်း အသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည် ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၁၀ | ၃၁ | ၄၁ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေး ရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏ဦးစားပေးအစီအ စဉ် | ၂.၃.၂၀၁၇ | ရွာသူရွာသားများ | ၂၀ | ၆၃ | ၈၃ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလို အပ်ချက်အပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# ဂက်လာတောကရင်ကျေးရွာအရင်းအမြစ်ပြမြေပုံ

ကျေးရွာ - ဂက်လာတောကရင်　　　　အုပ်စု - ဂက်လာတော　　　　ရက်စွဲ - ၂.၃.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင် ကျေးရွာ၏အရင်း အမြစ်ပြမြေပုံသုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာသည် ကျောက်ကြီးမြို့၏ (၁၃) မိုင်အကွာတွင်တည်ရှိပါသည်။ အိမ်ခြေ စုစု ပေါင်း(၁၅၄)အိမ်ရှိပါသည်။လူဦးရေ(၉၄၈)ဦးရှိပြီးအမျိုးသား(၄၇၂)ဦးနှင့်အမျိုးသမီး(၄၇၆)ဦးရှိပါသည်။ဂက် လာတောကရင်ကျေးရွာတွင်ကရင်လူမျိုးအများစုနေထိုင်ကြပြီးလူမျိုးစုရော(၄)အိမ်၊ဗမာလူမျိုး (၂) အိမ် နှင့်ရခိုင်လူ မျိုး (၁) အိမ်ရှိပါသည်။ ကိုးကွယ်သည့်ဘာသာမှာဗုဒ္ဓဘာသာနှင့်ခရစ်ယာန်ဘာသာတို့ဖြစ်ပါ သည်။

ပညာရေး

ဂက်လာတောကရင်ကျေးရွာတွင်မူလွန်ကျောင်းတစ်ကျောင်းရှိပြီးသာသနာမူကြိုကျောင်းတစ်ကျောင်းလဲရှိပါ သည်။စာသင်ဆောင်များမှာယိုယွင်းပျက်စီးနေသောကြောင့်ကလေးများပညာသင်ကြားရာတွင်အခက်အဲ ဖြစ်နေပါ သည်။

လမ်းပန်းဆက်သွယ်ရေး

ဂက်လာတောကရင်ကျေးရွာ၏ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးမိုးရာသီတွင်ရွှံ့ ဗွက်များပေါ်ပြီးသွားလာရာ တွင် ခက်ခဲခြင်းနှင့်ကလေးများကျောင်းသွားရာတွင်ခက်ခဲခြင်းဖြစ်နေပါသည်။ ကျောက်ကြီးမြို့သို့သွားသော ရွာချင်းဆက်လမ်းမှာမြေသားလမ်းဖြစ်သည်။ ထိုကြောင့်မိုးရာသီအချိန်သွားလာရေးများခက်ခဲနေပါသည်။

ကျန်းမာရေး

ဂက်လာတောကရင်ကျေးရွာသည်ဆေးပေးခန်းမရှိသဖြင့်ကျန်းမာရေးအခက်အခဲဖြစ်လာပါကကျောက်ကြီး မြို့တွင်လာရောက်ကုသရပါသည်။ ဆေးပေးခန်းမရှိသဖြင့်ကျန်းမာရေးအရေးပေါ် အခြေအနေတွင်အချိန်မှီ ကုသနိုင်ရန်အခက်အခဲရှိပါသည်။

စီးပွားရေး

ဂက်လာတောကရင်ကျေးရွာသည်လယ်၊ကိုင်းနှင့်ကျဘမ်းအလုပ်များကိုသာလုပ်ကိုင်ကြပါသည်။ဂက်လာတောကရင်ကျေးရွာတွင်ကျဘမ်းအလုပ်ကိုအများဆုံးလုပ်ကိုင်ကြပြီးအလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့်စား ဂတ်နေရေးအတွက်အခက်အခဲများဖြစ်နေပါသည်။

သောက်သုံးရေ

ဂက်လာတောကရင်ကျေးရွာတွင်ရေတွင်းနှင့်လက်နှိပ်တုံကင်ကိုအသုံးပြုကြရပါသည်။အဆင့်မှီသောရေအမျိုးအစားအဟုတ်သော်လည်းတတ်နိုင်သည့်ငွေပမာဏရနိုင်သောရေအနေအထားအရကျေနပ်စွာအသုံးပြုလျက်ရှိပါသည်။သို့အတွက်ရေရှားပါးမှုမရှိပါ။

ပြဿနာအနှစ်ချုပ်

ဂက်လာတောကရင်ကျေးရွာ၏ ပြဿနာအနှစ်ချုပ်မှာ ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်း မကောင်းသည့်အတွက်ပညာရေး၊ကျန်းမာရေး၊စီးပွားရေးတို့တွင်အခက်အခဲရှိပါသည်။အလုပ်အကိုင်ရှားပါးမှုကြောင့်စားဂတ်နေရေးခက်ခဲကြသည်။စာသင်ဆောင်မလုံလောက်မှုနှင့်ယိုယွင်းမှုကြောင့်ကလေးများပညာရေးအခက်အခဲဖြစ်နေပါသည်။

ပါဂင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ပါဂင်ဆွေးနွေးသူအရေအတွက် - ကျား - ၁၀ ၊ မ - ၃၂

# ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ဝက်လာတောကရင်　　　　အုပ်စု - ဝက်လာတော　　　　နေ့စွဲ - ၂.၃.၂၀၁၇

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်လုပ်ငန်း | | ★ | ★★ | ★★★ | ★★ | | | ★★★ | ★★★ | ★★ | ★ | |
| ကိုင်းလုပ်ငန်း | | | | | | ✽ | ✽✽ | ✽✽✽ | ✽✽ | ✽ | ✽ | ✽ |
| ပွဲတော် | ▲ | | | ▲ | | | ▲ | ▲ | ▲ | ▲ | | |
| မိုးရွာသွန်းမှု | □ | □ | □□ | □□□ | □□□ | □□□ | □□ | □ | □ | | | |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်နှင့် ကိုင်း လုပ်ငန်းများ ဖြစ်ပါသည်။ ကဆုန်၊နယုန်လ၊ ဝါဆိုလနှင့်ဝါခေါင်လ တွင်စပါးပျိုးကြဲခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလနှင့်တပို့တွဲလတွင်သီးနှံများ ရိတ်သိမ်းကြပါသည်။ ကိုင်းလုပ်ငန်းကိုတော်သလင်း၊သီတင်းကျွတ်၊တန်ဆောင်မုန်း၊နတ်တော်၊ပြာသို၊တပို့တွဲနှင့်တပေါင်းလများတွင်လုပ်ကိုင်ကြသည်။ ပွဲတော်ကာလမှာတန်ခူး၊ဝါဆို၊သီတင်းကျွတ်၊တန်ဆောင်မုန်း၊နတ်တော်နှင့်ပြာသိုလများတွင်ပွဲတော်များကျင်းပကြပါသည်။ မိုးရွာသွန်းမှုတွင်တန်ခူး၊ကဆုန်လတွင်မိုးအနည်းငယ်ရွာပြီးဝါဆို၊ဝါခေါင်၊တော်သလင်းနှင့်သီတင်းကျွတ်လများတွင်မိုးအများဆုံးရွာသွန်းပါသည်။

ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့်ကဆုန်လများတွင်ကျေးရွာသူကျေးရွာသားများအလုပ်အကိုင်နည်းပါးပြီးထိုလများတွင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင်ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာမည်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက်-ကျား-၁၀၊မ-၃၂

# မနေအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ဝက်လာတောကရင်      အုပ်စု - ဝက်လာတော      နေ့စွဲ - ၂.၃ .၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်(၁၀)ကေအထက်၊ဆိုင်ကယ်၊နွား လှည်း၊ဆန်စက်၊စပါးချွေစက်၊သွပ်မိုး ပျဉ်ထောင်အိမ် | ၅၇ | ၃၇% |
| အလယ်အလတ် | လယ်(၁၀)ကေအောက်၊ဆိုင်ကယ်၊နွား လှည်း၊TV အောက်စက်၊သက်ကယ်မိုး အိမ်။ | ၄၄ | ၂၈.၆% |
| နွမ်းပါး | ထရံကာ၊သက်ကယ်မိုး၊စက်ဘီး | ၃၄ | ၂၂% |
| အလွန်နွမ်းပါး | ဝါးအိမ်လက်လုပ်လက်စား | ၁၉ | ၁၂.၃% |
| စုစုပေါင်း | | ၁၅၄ | ၁၀၀ % |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏ဥစ္စာနေ ခွဲခြားမှုသုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာ၏ဥစ္စာနေအဆင့်ခွဲခြန်းစိတ်ဖြာရာတွင်ချမ်းသာသောအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးအုပ်စု၊ အလွန်နွမ်းပါးအုပ်စုဟူ၍ (၄) မျိုးရှိပါသည်။ သွပ်မိုးပျဉ်ထောင်အိမ်၊ လယ် (၁၀) ဧကအထက်၊ ဆိုင်ကယ်၊ နွား၊ လှည်း၊ ဆန်စက်၊ စပါးချွေစက်ရှိပြီးဂင်ငွေကောင်းသူများကိုချမ်းသားအဆင့် အဖြစ်သတ်မှတ်ကြပြီး၊ တစ်ရွာလုံးတွင်အိမ်ထောင်စုပေါင်း (၅၇) အိမ်ထောင်စုရှိသဖြင့်ရာခိုင်နှုန်းအားဖြင့် (၃၇) ဖြစ်ပါသည်။

သက်ကယ်မိုးအိမ်၊ လယ် (၁၀) ဧကအောက်၊ ဆိုင်ကယ်၊ နွား၊ လှည်းရှိသောသူများကိုအလယ်အလတ်အဆင့်အဖြစ် သတ်မှတ်ကြပြီး အိမ်ထောင်စုပေါင်း (၄၄) အိမ်ထောင်စုရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် (၂၈.၆) ဖြစ်ပါသည်။ ထရံကာသက်ကယ်မိုးအိမ်၊ စက်ဘီး ရှိသောသူများကို နွားပါးအဆင့်အဖြစ် သတ်မှတ်ကြပြီး အိမ်ထောင်စုပေါင်း (၃၄) ရှိသဖြင့်ရာခိုင်နှုန်းအားဖြင့် (၂၂) ရှိပါသည်။ ဂါးအိမ်၊လက်လုပ်လက်စား ကျပန်းလုပ် ကိုင်စားသောက်ရသောသူများကိုအလွန်နွမ်းပါးအဆင့်ဟု သတ်မှတ်ကြပြီးအိမ်ထောင်စုပေါင်း (၁၉) အိမ် ထောင်စုရှိသဖြင့်ရာခိုင်နှုန်းအားဖြင့် (၁၂.၃) ရှိပါသည်။

ပါဂင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဂင်ဆွေးနွေးသူအရေအတွက် - ကျား -၁၀ ၊ မ -၃၂

# ပိုင်ဆိုင်မှုကိုအသုံးပြုခြင်း

ကျေးရွာ - ဝက်လာတောကရင်　　　　အုပ်စု - ဝက်လာတော　　　　နေ့စွဲ - ၂.၃.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| ထွန်စက် | အပ်ချုပ်စက် | အိမ် |
| ကွန်ဒေါင်း | | လယ် |
| ဆန်စက် | | လှည်း |
| စပါးရိတ်စက် | | ကျွဲ |
| | | ဆိုင်ကယ် |
| | | စက်ဘီး |
| | | ဝက် |
| | | ဆိုလာပြား |
| | | မြေ |
| | | နွား |
| | | ကိုင်း |

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ - ဝက်လာတောကရင်　　　　အုပ်စု - ဝက်လာတော　　　　နေစွဲ - ၂.၃.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| အိမ် | အပ်ချုပ်စက် | ကွန်ဒေါင်း |
| ဆိုင်ကယ် | ဝက် | ထွန်စက် |
| စက်ဘီး | | စပါးရိတ်စက် |
| | | လယ် |
| | | နွား |
| | | လှည်း |
| | | ကိုင်း |
| | | ခြံ |
| | | ဆန်စက် |
| | | ဆိုလာပြား |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏အရင်းအမြစ်အသုံးချမှုခွဲခြမ်း စိတ်ဖြာမှုသုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာ၏အရင်းအမြစ်အသုံးချမှုနှင့်ထိန်းချုပ်မှုသုံးသပ်ချက်ကိုအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။

ဂက်လာတောကရင် ကျေးရွာအရင်းအမြစ် အသုံးချမှုအပိုင်းတွင် အမျိုးသမီးများသည်အပ်ချုပ်စက်ကိုအသုံးပြုပြီး အမျိုးသားများမှာ ထွန်စက်၊ ကွန်ဒေါင်း၊ ဆန်စက်နှင့် စပါးရိတ်စက်ကို အသုံးပြုကြသည်။ အိမ်၊လယ်၊ကျွဲ၊လှည်း၊ဆိုင်ကယ်၊စက်ဘီး၊ဂက်၊ဆိုလာပြား၊ခြံ၊နွားနှင့်ကိုင်းများကိုအမျိုးသားနှင့်အမျိုးသမီးများကအသုံးပြုကြသည်။


ထိန်းချုပ်မှုအပိုင်းတွင်အမျိုးသမီးများသည် အပ်ချုပ်စက်နှင့်ဂက်ကိုကိုင်တွယ်ထိန်းချုပ်ပြီး၊အမျိုးသားများမှာအိမ်၊ဆိုင်ကယ်၊စက်ဘီးကိုကိုင်တွယ်ထိန်းချုပ်ပါသည်။ ကွန်ဒေါင်း၊ ထွန်စက် ၊စပါးရိတ်စက်၊ ဆန်စက်၊ လယ်၊ နွား၊ လှည်း၊ ကိုင်း၊ ခြံနှင့်ဆိုလာပြားတို့ကို အမျိုးသားများနှင့်အမျိုးသမီးများအတူတကွထိန်းချုပ်ကြပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၁၀ ၊ မ - ၃၁

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - ဝက်လာတောကရင်    အုပ်စု - ဝက်လာတော    နေ့စွဲ - ၂.၃.၂၀၁၇




အမျိုးသား -

အမျိုးသမီး -

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာပင့်ကူအိမ်သုံးသပ်ရာတွင်ခေါင်းစဉ် (၆) ခုဖြင့်ဆွေးနွေးခဲ့ပါသည်။ (၁)ပညာရေး၊ (၂) လူမှုရေး၊ (၃) အိမ်မှုကိစ္စ၊ (၄) ဆုံးဖြတ်ချက်ချမှု၊ (၅) ဦးဆောင်နိုင်မှု၊ (၆) ငွေရရှိမှု တို့ဖြစ်ပါသည်။


ဂက်လာတောကရင်ကျေးရွာ၏အမျိုးသားနှင့်အမျိုးသမီးပညာရေးအခြေအနေသုံးသပ်ချက်မှာအမျိုးသားများသည် (၁၀၀%) ရရှိပြီးအမျိုးသမီးများသည် (၁၀၀%) ရရှိသည်။ အမျိုးသားများနှင့်အမျိုးသမီးများတန်းတူပညာသင်ကြားခွင့်ရှိပါသည်။ လူမှုရေးအခြေအနေသုံးသပ်ချက်တွင် အမျိုးသား(၇၀%) ရရှိပြီးအမျိုးသမီးများသည်( ၅၀%) ရရှိသည်။ အမျိုးသမီးများသည်အိမ်မှုကိစ္စများလုပ်ဆောင်နေရခြင်းကြောင့်ဖြစ်သည်။ အိမ်မှုကိစ္စအခြေအနေသုံးသပ်ချက်တွင်အမျိုးသား (၃၀%) ရရှိပြီးအမျိုးသမီးများသည် (၇၀%) ရှိသည်။ အမျိုးသားများသည် အမျိုးသမီးများထက်အိမ်မှုကိစ္စအခြေအနေနည်းရခြင်းမှာ အမျိုးသားများသည်စားဝတ်နေရေးအတွက် ငွေရှာဖွေနေရသဖြင့် အိမ်မှုကိစ္စဆောင်ရွက်နိုင်မှု အားနည်းရခြင်းဖြစ်ပါသည်။ ဆုံးဖြတ်ချက်ချမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများက (၈၀%) အမျိုးသမီးများကလဲ (၄၀%)ရရှိပါသည်။ ဦးဆောင်နိုင်မှုတွင်အမျိုးသားများသည် (၇၀%) ရရှိပြီးအမျိုးသမီးများသည်(၃၀%)ရရှိပါသည်။အမျိုးသမီးများသည်အမျိုးသားများထက် ဦးဆောင်နိုင်မှုနည်းရခြင်းမှာ အမျိုးသမီးများသည်နေ့စဉ်အိမ်မှုကိစ္စများကိုဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ ငွေရရှိမှုတွင်အမျိုးသားများသည်(၈၀%)အမျိုးသမီးများ သည်(၃၀%) ရရှိပါသည်။အမျိုးသမီးများငွေနည်းရခြင်းမှာအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဦးဆောင်နိုင်မှုနည်းပါးခြင်းနှင့်အိမ်မှုကိစ္စလုပ်ကိုင်နေရခြင်းကြောင့်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၁၀ ၊ မ - ၃၁

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ - ဝက်လာတော ကရင် အုပ်စု - ဝက်လာတော နေ့စွဲ-၂.၃.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာတွင်းတွင် ဖွဲ့စည်းထားသောအဖွဲ့များရှိပါသည်။ ၎င်းတို့မှာကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖ၊အမျိုးသမီးရေးရာ၊ဂေါပက၊အရံမီးသတ်၊ ကျန်းမာရေးအဖွဲ့၊ဖွံ့ဖြိုးရေးအဖွဲ့၊ပညာရေးအဖွဲ့၊ လူမှုရေးအဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုကော်မတီအဖွဲ့တို့ဖြစ်ပါသည်။၎င်းအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုများရှိပါသည်။


ဂက်လာတောကရင်ကျေးရွာသည်ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုများလည်းရှိပါသည်။ ၎င်းအဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊အုပ်စုအုပ်ချုပ်ရေးမှူး၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊သာသနာအဖွဲ့အစည်း၊ မြို့နယ်မီးသတ်ဌာန၊ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်ပညာရေးဌာနနှင့်လူထုဗဟိုပြုစီမံကိန်းစသည့်ပြင်ပအဖွဲ့အစည်းများနှင့်လည်းချိတ်ဆက်မှုများရှိပါသည်။

ပါဝင်ဆွေးနွေးသူများ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၁၀ ၊ မ - ၃၁

# ပြဿနာသစ်ပင်

ကျေးရွာ - ဖက်လာတောကရင် | အုပ်စု - ဖက်လာတော | ရက်စွဲ - ၂.၃.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဂက်လာတောအုပ်စု၊ ဂက်လာတောကရင်ကျေးရွာ၏လမ်းပန်း ဆက်သွယ်ရေးမကောင်းခြင်း အခက်အခဲသုံးသပ်ချက်။**

**နေ့စွဲ - ၂.၃.၂၀၁၇**

ဂက်လာတောကရင်ကျေးရွာ၏အဓိကရင်ဆိုင်နေရသောပြဿနာမှာလမ်းပန်းဆက်သွယ်ရေးမကောင်း ခြင်းအခက်အခဲဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းရခြင်း၏ အကြောင်းအရင်းမှာစားဝတ် နေရေးအခက်အခဲကြောင့်လမ်းမပြုပြင်နိုင်ခြင်း၊ ခိုင်မာသောတံတားမရှိခြင်း၊ မိုးတွင်းအခါလမ်းကိုရေ ကျော်ခြင်း၊ လမ်းပြုပြင်ရန်အားနည်းခြင်း၊ နစ်စဉ်ရေဖုံးလွှမ်းသော အရပ်ဖြစ်သောကြောင့် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲများပေါ် ပေါက်လာခဲ့ရပါသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့်ဖြစ်ပေါ် လာသောအကျိုးဆက်များမှာ ပညာရေး မှာ နောင့်နေးခြင်း၊ သွားလာရေးတွင်ကြန့်ကြာခြင်း၊ စီးပွားရေးနိမ့်ကျခြင်း၊ ဒေသဖွံ့ဖြိုးမှုအားနည်းခြင်း၊ လူမှုရေးတွင်အားနည်းလာခြင်း၊ ဆိုင်ကယ်စက်ဘီးများပျက်စီးလွယ်ခြင်းနှင့် ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်လာပါကသွားလာရာတွင်ခက်ခဲခြင်းစသည့်အကျိုးဆက်များကိုကြုံတွေ့ခံစားလာရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ဆွေးနွေးသူအရေအတွက် - ကျား - ၂၀ ၊ မ - ၆၃

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကျေးရွာ - ဝက်လာတောကရင် အုပ်စု - ဝက်လာတော နေ့စွဲ - ၂.၃.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ | လုပ်ဆောင်ချက် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်းများဗွက်များ၊ဂျိုင့်ခွက်များရှိနေခြင်း ကြောင့်သွားလာရာတွင်အခက်ခဲဖြစ်နေခြင်း | အမျိုးသား + အမျိုးသမီး | ရွာချင်းဆက်လမ်း | ၁ |
| ၂ | တံတားမရှိခြင်းကြောင့်မိုးရာသီတွင်လှေငယ်များဖြင့်သွား လာနေရသောကြောင့်လုံခြုံမှုမရှိခြင်းအခက်အခဲ | အမျိုးသား + အမျိုးသမီး | တံတား | ၁ |
| ၃ | ဘက်စုံခန်းမဆောင်မရှိခြင်းကြောင့်၊ရပ်ရွာအစည်းအဝေး များနှင့်ရိုးရာပွဲလမ်းသဘင်များကျင်းပရာတွင်ခက်ခဲခြင်း | အမျိုးသား + အမျိုးသမီး | ခန်းမဆောင် | ၂ |
| ၄ | နွေရာသီရေခမ်းခြောက်ခြင်းကြောင့်ရေကောင်းရေသန့်လို အပ်လျှက်ရှိပြီးလက်ရှိရေကိုစစ်သောက်ရခြင်းကြောင့်အ ခက်အခဲများဖြစ်နေခြင်း | အမျိုးသား + အမျိုးသမီး | ရေတွင်းပြုပြင် | ၃ |
| ၅ | ကျောင်းခြံစည်းရိုးများယိုယွင်းနေသောကြောင့်ကလေးများ လုံခြုံစွာပညာသင်ကြားရန်ခက်ခဲခြင်း | အမျိုးသား + အမျိုးသမီး | ကျောင်းခြံစည်းရိုး | ၄ |

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - ဝက်လာတောကရင် 　　　　　　　　　　　　　　　　 အုပ်စု - ဝက်လာတော

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | စောရီဂင် | ကျေးရွာ/အုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၂ | ဒေါ်ခင်မိုးဆွေ | ကျေးရွာ/အုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၃ | စောသောသီထူး | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄ | နော်ဖလားဆဲ့မူး | ဝယ်ယူရေးအဖွဲ့ဝင် |
| ၅ | နော်ဖောနဲမူး | ဝယ်ယူရေးအဖွဲ့ဝင် |
| ၆ | စောဘဲထီးမူး | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၇ | ဒေါ်နော်ပယ် | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် |
| ၈ | စောထဲဘယ်ထူး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၉ | နော်အဲကလူဖော | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၀ | စောဖါးဂီလား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၁ | နော်ဆဲလယ်သ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၂ | စောအယ်နာစော | ငွေစာရင်းကိုင် |
| ၁၃ | စောဆန်းကြည် | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ခေါ်နန်နူး | စေတနာ့ဝန်ထမ်း |

# ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>ဒေါ်ရိုးဝင်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09773618532 | လူထုစည်းရုံးရေးမှူး၏ အမည်<br>စောကလယ်ဆဲ | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝက်ကဒဂေါ | ကျေးရွာ ဝက်ကဒဂေါကရင် |

## က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၄၇ | ဘာသာ (၁) ခရစ်ယာန် | ၁၁၇ |
| လူမျိုးစု (၂) ဗမာ | ၂ | ဘာသာ (၂) ဗုဒ္ဓ | ၃၇ |
| လူမျိုးစု (၃) ရခိုင် | ၁ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ကချင်+ကရင် | ၃ | ဘာသာရော ------------ | |
| အခြား ဗမာ + ရခိုင် | ၁ | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကရင် | ၄၅၄ | ၄၅၂ |
| လူမျိုးစု (၂) ဗမာ | ၉ | ၆ |
| လူမျိုးစု (၃) ရခိုင် | - | ၃ |
| အခြား ကချင်+ကရင် | ၈ | ၈ |
| အိမ်ထောင်ဦးစီး | ၁၁၈ | ၃၆ |
| ဗမာ+ရခိုင် | ၁ | ၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက်<br>ခရစ်ယာန်မူကြို | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2015 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 2.4 /မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 25 မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 1 နာရီ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) KDN (Karen Development Network)
(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် စောရိုးဝင်း
လက်မှတ် [signature] နေ့စွဲ [illegible]. 3. 2017

လူထုစည်းရုံးရေးမှူး အမည် - စောကာလဝင်းလှ
လက်မှတ် [signature] နေ့စွဲ - 2. 3. 2017

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးမိးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဆောကလပ်မူ; | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) [x] စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝက်လာတော | ကျေးရွာ (ကရင်)ဝက်လာတော |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂.၃.၂၀၁၇ | ၂.၃.၂၀၁၇ | ၂၀ | ၆၃ | ၈၃ | ဗမာ-၃ \| ကရင်-၈၀ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂.၃.၂၀၁၇ | ၂.၃.၂၀၁၇ | ၂၀ | ၆၃ | ၈၃ | ဗမာ \| ၃<br>ကရင် \| ၈၀ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၃.၂၀၁၇ | ၆.၃.၂၀၁၇ | ၁၀ | ၅ | ၁၅ | ကရင် \| ၄<br>ဗမာ \| ၁၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဂန်ထမ်း အမည် - ဆောက်လုပ်ရေး | | | |
| နေ့စွဲ - 2.3.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>စက်လာဘော | ကျေးရွာ<br>စက်လာဘော(ကျုံ) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်းမှာ ညွှန်ပြေသော လမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရာတွင် အခက်အခဲဖြစ်နေ။ | ၁ | ရွာချင်းဆက်လမ်းမှာ ကွက်များ၊ ကျိုင်းခွက်များရှိနေခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရာတွင်ခက်ခဲခြင်း၊ |
| ၂ | ရွာချင်းဆက်တံတားမရှိသောကြောင့် လှေဖြင့်သွားလာရသည် လုံခြုံမှုမရှိခြင်း အခက်အခဲ | ၂ | နွေရာသီရေခမ်းခြောက်ခြင်းကြောင့် ရေကောင်းရေသန့်ကို အဝေးကျော်က ရှိပြီး သောက်ရေ ရေကိုစစ်သောက်ရခြင်းကြောင့် အခက်အခဲဖြစ် |
| ၃ | ရပ်ရွာ အစည်းအဝေးများ၊ ပွဲလမ်းသဘင်များ ကျင်းပရာတွင်နေရာ အခက်အခဲဖြစ်နေခြင်း၊ | ၃ | ရွာချင်းဆက်တံတားမရှိသောကြောင့် သွားလာရာတွင် အခက်အခဲဖြစ်ခြင်း၊ |
| ၄ | ကျောင်းခြံစည်းရိုး ပျက်စီးနေသောကြောင့် ကလေးများအတွက် လုံခြုံမှုမရှိခြင်း။ | ၄ | ကလေးများ ပညာသင်ကြားရာတွင် လုံခြုံမှုမရှိသည့် အခက်အခဲ |
| ၅ | [illegible] | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရာသီမရွေး သွားလာလို့ရသော ကတ္တရာလမ်းရှိလာစေချင်။ | ၁ | ရွာချင်းဆက်လမ်း ကောင်းမွန်ပြီး ရာသီမရွေး သွားလာနိုင်စေချင်၊ အဆင်ပြေချောမွေ့စေချင်။ |
| ၂ | လုံခြုံစွာ သွားလာနိုင်ရသော ရွာချင်းဆက်တံတား တစ်စင်းရှိလာစေချင်။ | ၂ | ကောင်းမွန်ခိုင်ခံ့သော သွားလာလုံခြုံသော တံတားတစ်စင်းရှိလာစေချင်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လုံခြုံသော ကျောင်းခြံစည်းရိုးရှိပြီး ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်စေရန်။ | ၃ | သန့်ရှင်းလုံလောက်သော သောက်သုံးရေ ရရှိလာစေရန်။ |
| ၄ | ဘက်စုံသုံးချရသော ခန်းမဆောင် တစ်ခုရှိလာစေရန်။ | ၄ | ကျောင်းခြံစည်းရိုးများ ခိုင်ခန့်ကောင်းမွန်ပြီး ကလေးများ လုံခြုံစွာ ပညာသင်ကြားနိုင်စေရန်။ |
| ၅ | | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက်တံတား | ကျား + မ | | ၉၄၈ |
| ၂ | ရွာချင်းဆက်လမ်းမြှင့်တင်ခြင်းနှင့် စဝလမ်းခင်းခြင်း | ကျား + မ | | ၉၄၈ |
| ၃ | ဘက်စုံခန်းမဆောင် | ကျား | | ၉၄၈ |
| ၄ | ရေတွင်းပြုပြင်ခြင်း | မ | | ၉၄၈ |
| ၅ | ကျောင်းခြံစည်းရိုး | ကျား + မ | | ၉၄၈ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] ---------- လက်မှတ် ---------- နေ့စွဲ 2 · 3 · 2017

[illegible]

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းမှုမဲ့ရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - [illegible] | |
| နေ့စွဲ - 6.3.2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး \| မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ဝက်လားတော |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | 2452'×6'×4" | 599 | ☐ ကျား ☐ မ ☑ ကျား + မ | 3700000 | | | | 3700000 |
| ဝက်လားတော [illegible] | [illegible] | 455'×8'×3' | 160 | ☐ ကျား ☐ မ ☑ ကျား + မ | 2165000 | | | | 2165000 |
| | [illegible] | 800×5'×6" | 160 | ☐ ကျား ☐ မ ☑ ကျား + မ | 6200000 | | | | 6200000 |
| ဝက်လားတော [illegible] | conc: pipe Bridge | (3ø×20L) | 948 | ☐ ကျား ☐ မ ☐ ကျား + မ | 2100000 | | | | 2100000 |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ 6.3.2017

[illegible] [illegible] 6.3.2017

**၂၀၁၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ဂက်လာတောကျေးရွာအုပ်စု ဂက်လာတောကရင်ကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဖဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း ပထအကြိမ်နှင့်ဒုတိယအ ကြိမ်အစည်းအဝေးမှတ်တမ်း။**

**အစည်းအဝေးတက်ရောက်သူများ**

၁။ ဦးအောင်နိုင် လက်ထောက်နည်းပညာမှူး

၂။ စောကလယ်မူး လူထုစည်းရုံးရေးမှူး

၃။ ကျေးရွာလူထု (PC – 12 )

**ရည်ရွယ်ချက်**

လူထုဖဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်း ကိုရည်ရွယ်ပါသည်။

**ဆွေးနွေးချက်များ**

၁။ ရှေးဦးစွာ ဂက်လာတောကရင်ရပ်မိရပ်ဖမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက် ဂန်ထမ်းများမှ လည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးစောကလယ်မူးမှ လူထုဖဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံ ကိန်းစက်ဝန်းများကိုရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဦးအောင်နိုင်မှ အကျုံးဝင်၊အကျုံးမဝင်သောလုပ်ငန်းများအကြောင်းကိုရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့်ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်နှင့် အဖွဲ့အစည်းချိတ် ဆက်မှုပြဇယားများကိုအသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက်အမျိုးသမီးအမျိုးသားများနှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့်မျှော်မှန်းချက်များကိုဆွေးနွေးခဲ့ကြပြီးဦးစားပေး လုပ်ငန်းများကိုရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများပြန်လည်အတည်ပြုခြင်းနှင့်ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးစောကလယ်မူးမှ ဦးဆောင်၍ကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ပထမနှစ်စီမံကိန်း တွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို ဒုတိယနှစ်တွင်လည်းဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင်ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

၈။ ထိုနောက် ဒုတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့်လုပ်ငန်းများကိုဆွေးနွေးပြီးအများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | စောရီဂင် (ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောရီဂင် |
| ၂ | ဒေါ်ခင်မိုးဆွေ (ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | ဒေါ်ခင်မိုးဆွေ |
| ၃ | စောသောသီထူး(ဂယ်ယူရေးကော်မတီဥက္ကဌ) | စောသောသီထူး |
| ၄ | နော်ဖလားဆဲ့မူး (ဂယ်ယူရေးအဖွဲ့ဝင်) | နော်ဖလားဆဲ့မူး |
| ၅ | နော်ဖေါနဲမူး (ဂယ်ယူရေးအဖွဲ့ဝင်) | နော်ဖေါနဲမူး |
| ၆ | စောဘဲထီမူး (စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ) | စောဘဲထီမူး |
| ၇ | ဒေါ်နော်ပယ် (စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ) | ဒေါ်နော်ပယ် |
| ၈ | စောထဲဘယ်ထူး (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ) | စောထဲဘယ်ထူး |
| ၉ | နော်အယ်ကလူဖော (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီ) | နော်အယ်ကလူဖော |
| ၁၀ | စောဖါးဂီလား (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောဖါးဂီလား |
| ၁၁ | နော်ဆဲလယ်သ (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ဆဲလယ်သ |
| ၁၂ | စောဆန်းကြည် (စေတနာ့ဝန်ထမ်း) | စောဆန်းကြည် |
| ၁၃ | ဒေါ်ခေါ်န်နူး (စေတနာ့ဝန်ထမ်း) | ဒေါ်ခေါ်န်နူး |
| ၁၄ | စောအယ်နာစော (ကျေးရွာငွေစာရင်းကိုင်) | စောအယ်နာစော |

(ခ)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | ရွာခြင်းဆက်လမ်းနှင့်တံတား | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| ၂ | | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| | | |

၈။ အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့် (၃း၀၀) နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။